
စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

# CERP အစီအစဉ်ဖြင့် စပါးမျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်း

ဒေါ်စန်းစန်းထွေး
ဒုတိယဦးစီးမှူး
စိုက်ပျိုးရေးဦးစီးဌာန
မိုးညှင်းမြို့နယ်

# မိုးညှင်းမြို့နယ်မြေပုံနှင့် အချက်အလက်များ

| | |
|---|---|
| ❖အရှေ့လောင်ဂျီကျူ | - ၉၆°၀၂'၁၂''နှင့် ၉၆°၄၈' ၀၃''ကြား |
| ❖မြောက်လတ္တီကျူ | - ၂၄°၃၀'၄၆''နှင့် ၂၅°၂၆'၅၉''ကြား |
| ❖မြောက်ဘက်တွင် | - ဟိုပင်မြို့နယ်ခွဲနှင့် မိုးကောင်းမြို့နယ် |
| ❖အရှေ့ဘက်တွင် | - မြစ်ကြီးနားမြို့နယ် |
| ❖တောင်ဘက်တွင် | - စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ် |
| ❖အနောက်မြောက်ဘက်တွင် | - ဖားကန့်မြို့နယ် |
| ❖ပင်လယ်ရေမျက်နှာပြင်အမြင့် | - (၆၈၅) ပေ |
| ❖မိုးရေချိန် | - (၅၆.၁၅)လက်မ |
| ❖မိုးရွာရက် | - (၉၅)ရက် |
| ❖အပူချိန်(အမြင့်ဆုံး/အနိမ့်ဆုံး) | - (၃၉/၇)ဒီဂရီစင်တီဂရိတ် |



# နိဒါန်း

- ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၏ ၂၀၁၉-၂၀၂၀ခုနှစ် မိုးစပါးစိုက်ဧကမှာ (၁၂၀၃၀၅)ဧကနှင့် နွေစပါးစိုက်ဧက (၂၃၂)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မိုးစပါးစိုက်ဧက (၁၃၅၀၅၁)ဧကနှင့် နွေစပါးစိုက်ဧက (၂၅၅)ဧက လျာထားပါသည်။ မိုးညှင်းမြို့နယ်၏ စပါးစိုက်ဧက တိုးတက်လာသည့်အတွက် မျိုးစပါးလိုအပ်ချက်မှာလည်း တိုးလာပါသည်။
- မျိုးသန့်မျိုးစေ့ကို စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်းနှင့် အရည်အသွေးကို မြင့်တင်နိုင်ပြီး တောင်သူများ၏ အကျိုးအမြတ်များကို ပိုမိုရရှိစေပါသည်။
- သို့ဖြစ်ပါ၍ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်ရခြင်းပင် ဖြစ်ပါသည်။

# ရည်ရွယ်ချက်

- Covid-19 စီးပွားရေးကုစားမှုအစီအစဉ်အရ တောင်သူများ ဝင်ငွေပိုမိုရရှိစေရန်နှင့် လူနေမှုဘဝမြင့်မားစေရန်
- စီးပွားရေးတွက်ခြေကိုက်ပြီး အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်သော မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်
- မျိုးစေ့၏ ဗီဇအရည်အသွေးကို ထိန်းသိမ်းနိုင်စေရန်
- မျိုးစေ့ထုတ်လုပ်နည်းပညာကို တောင်သူများကိုယ်တိုင် သိရှိနားလည်ကျွမ်းကျင်စေရန်
- မျိုးလိုအပ်ချက်ကို လွယ်လင့်တကူ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်
- ဒေသဖွံ့ဖြိုးမှု အထောက်အကူဖြစ်စေရန်

# ဆောင်ရွက်မည့်လုပ်ငန်းစဉ်

- ပူးပေါင်းဆောင်ရွက်မှု၊ ယုံကြည်မှုမှတစ်ဆင့် အားလုံးပါဝင်သော မျိုးစေ့အဖွဲ့အစည်းတစ်ခု တည်ထောင်နိုင်ရန်
- မျိုးစေ့ထုတ်လုပ်ခြင်းနှင့်ဆိုင်သော နည်းပညာများအား တောင်သူများ၏ အသိ၊ လေ့လာမှုနှင့် လက်ခံမှုများ တိုးတက်လာစေရန်
- စိုက်ပျိုးရေးကဏ္ဍတွင်  နည်းပညာပိုင်းဆိုင်ရာများအား  ပုဂ္ဂလိကမှ  ပူးပေါင်းပါဝင်ဆောင်ရွက်ရန်  အရေးပေါ်ကိစ္စများတွင်အသုံးပြုရန် မျိုးစေ့စုဆောင်းသော အလေ့အကျင့် ပေါ်ထွန်းလာစေရန်

# ကျိုးကြောင်းဖော်ပြချက်

- မိုးညှင်းမြို့နယ်သည် ကချင်ပြည်နယ်၏ စပါးကျီဖြစ်သည့်အလျောက် ပြည်နယ်၏ ဆန်စပါး လိုအပ်ချက်များကိုလည်း နှစ်စဉ်ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။
- ၂၀၂၀ခုနှစ် CERP 2.1.7(b)၏ Cash(or) Lending Support လုပ်ငန်းစဉ်တွင် ပါဝင်သော တိုင်းဒေသကြီး/ ပြည်နယ်များတွင် သမဝါယမအသင်းများအပါအဝင် မျိုးစေ့ထုတ်အသင်းများ၊ မျိုးစေ့ထုတ်တောင်သူများ၊ မျိုးစေ့ထုတ်လုပ်ငန်းရှင်များနှင့်ပေါင်းစပ်လျက် တစ်နိုင်ငံလုံး ဧရိယာကေတစ်သိန်းအား မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အရ မိုးညှင်း မြို့နယ်တွင် မျိုးစေ့ထုတ်ကေ (၅၃၀)ကေ ဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်ပါသည်။
- CERP ကေ(၅၃၀)အား မိုးညှင်းမြို့နယ်ရှိ ကျေးရွာအုပ်စု (၃၄)အုပ်စုမှ အကျိုးဆောင်တောင်သူ (၁၅၃)ဦးဖြင့် စိုက်ပျိုးထုတ်လုပ်ခဲ့ပါသည်။

# မျိုးရွေးချယ်ခြင်း

- ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၏ ရေမြေသဘာဝနှင့်ကိုက်ညီသော ဆင်းကေရီ- ( ၃ ) စပါးမျိုးကို ရွေးချယ်စိုက်ပျိုးခဲ့ပါသည်။
- အပင်ပေါက်ရာခိုင်နှုန်း (၈၅.၆)ရာခိုင်နှုန်းရှိသော မျိုးစေ့ကို စိုက်ပျိုးခဲ့ပါသည်။
- မျိုးစေ့အဆင့်မှာ မျိုးသန့်မျိုးပွားမျိုးစေ့အဆင့်ဖြစ်ပြီး မျိုးစေ့ဆောင်ရောဂါကာကွယ်ရန်နှင့် အောင်မြင်သောမျိုးစေ့ရရှိရန် မျိုးစေ့ဆားရေစိမ်၍ စိုက်ပျိုးခဲ့ပါသည်။

## မျိုးစေ့ဆားရေစိမ်ခြင်း



## ဘောင်ပျိုးစနစ်ဖြင့်ပျိုးထောင်ခြင်း



## စိုက်ခင်းမြေပြုပြင်ခြင်း



## ပြောင်းရွှေ့စိုက်ပျိုးခြင်း



# CERP မျိုးစေ့ထုတ်တောင်သူများ ပညာပေးဆောင်ရွက်ခြင်း











# မြေဩဇာကျွေးခြင်း

- ❖ မြေခံ ကွန်ပေါင်း(၁/၂)အိတ်၊ တီစူပါ(၁/၂)အိတ် ပိုတက်ရှ် (၁/၄)အိတ်
- ❖ အပင်ပွားစည်းချိန်ယူရီးယား(၁/၃)အိတ်
- ❖ မှို့ကပ်ချိန် ပိုတက်ရှ်(၁/၄)အိတ်
- ❖ အလံရွက်ထွက်ချိန်ယူရီးယား(၁/၃)အိတ်
- ❖ အနှံမထွက်မီငါးရက်အလို **ယူရီးယား**(၁/၃)အိတ်



**ကြားပေါင်းလိုက်ခြင်း**



**လက်ပေါင်းနှုတ်ခြင်း**



Yellow Sticker များထားရှိခြင်း



လက်တွေ့စစ်ဆေးခြင်း



ဉ_ကပ်ပါးနဂျီလွတ်ခြင်း



ဆေးဖျန်းခြင်း



# ဌာနဆိုင်ရာအကြီးအကဲများ ကြည့်ရှုစစ်ဆေးခြင်း





# CERP အစီအစဉ်အရ  မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်း






# ကွင်းဆင်းစစ်ဆေးခြင်း

- စပါးသက်တမ်းတစ်လျှောက် မျိုးကွဲပယ်ခြင်း ဆောင်ရွက်ခဲ့ခြင်း
- ပင်ပွားစုံချိန်၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန်
- အထူးသဖြင့် ပန်းပွင့်စုံချိန်အလေးပေး ဆောင်ရွက်ခြင်း








# ရိတ်သိမ်းခြင်း

CERP စိုက်ကေ (၅၃၀) ကေ ၊ အထွက်နှုန်း(၈၀)တင်း၊ အထွက်တင်း(၄၂၄၀၀)တင်း


နောက်ဆက်တွဲ(က)

ကွင်းဆင်းစစ်ဆေးသည့် အစီရင်ခံစာ








# CERP အစီအစဉ်အရ မိုးစပါးမျိုးစေ့ စိုက်ပျိုးထွက်ရှိမှု အခြေအနေ

| စဉ် | မြို့နယ် | ကျေးရွာ အုပ်စု | တောင်သူ | စိုက် ဧက | ရိတ် ဧက | အထွက် နှုန်း | အထွက် တင်း |
|---|---|---|---|---|---|---|---|
| ၁ | မိုးညှင်း | ၁၁ | ၉၈ | ၃၄၂ | ၃၄၂ | ၈၂.၃၇ | ၂၈၁၇၂ |
| ၂ | ဟိုပင် | ၁၀ | ၃၂ | ၁၀၀ | ၁၀၀ | ၉၀.၆၇ | ၉၀၆၇ |
| ၃ | အင်းတော်ကြီးဒေသ | ၁၃ | ၂၃ | ၈၈ | ၈၈ | ၈၂.၇၃ | ၇၂၈၁ |
| | **မြို့နယ်ချုပ်** | **၃၄** | **၁၅၃** | **၅၃၀** | **၅၃၀** | **၈၄.၀၀** | **၄၄၅၂၀** |

❖ CERP အရ စိုက်ပျိုးထွက်ရှိလာသောမျိုးစေ့များကို မျိုးစေ့ထောက်ခံချက်ပေးပြီး မျိုးစေ့ထုတ်တောင်သူများမှတဆင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးသွားမည် ဖြစ်ပါသည်။

အခြောက်ခံခြင်း



သန့်စင်ထုတ်ပိုးခြင်း



သယ်ယူခြင်း



သိုလှောင်ခြင်း



မျိုးစေ့နမူနာယူခြင်း




အစိုဓါတ်တိုင်းတာခြင်း



မျိုးစေ့နမူနာပေးပို့ခြင်း



မျိုးစေ့ဖြန့်ဖြူးခြင်း



# မျိုးသန့်စိုက်ပျိုးခြင်းအကျိုးကျေးဇူး

- မျိုး၏ကောင်းမွန်သောမူလဗီဇအရည်အသွေးကိုထိန်းသိမ်းထားနိုင်ခြင်း
- အပင်ပေါက်နှုန်းကောင်းမွန်ညီညာ၍ ကြီးထွားမှုမြန်ဆန်ခြင်း
- မြေသြဇာ၊ အစိုဓါတ်၊အလင်းရောင် စသည်တို့ကို ပိုမိုအသုံးပြုနိုင်ခြင်း၊ပေါင်းမြက်ကင်းစင်ခြင်း၊ ပိုးမွှားရောဂါကင်းစင်ခြင်း၊ အခြားမျိုးကွဲများကင်းစင်ခြင်း။
- ရည့်မှည့်မှုညီညာ၍ ရိတ်သိမ်းချိန်တွင် အလေအလွင့်နည်းပါးခြင်း
- အထွက်တင်း(၁၀-၂၀)တင်းပိုမိုထွက်ရှိစေခြင်း
- စပါးစေ့အရွယ်အစားညီညာ၍ ဆန်ရည်ဆန်သွေးနှင့်အထွက်နှုန်းကောင်းမွန်ခြင်း

# နိဂုံး

- CERP အစီအစဉ်အရ မိုးညှင်းမြို့နယ်၏ စပါးမျိုးဆင်းကေရီ - (၃) မျိုးစေ့ထုတ်ခြင်းအားဖြင့် တောင်သူများ စနစ်တကျ မျိုးစေ့ထုတ်နည်းပညာကို သိရှိနားလည်လိုက်နာဆောင်ရွက်တတ်လာပြီး စိုက်ပညာဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်လည်း မြင့်မားလာပါသည်။ တောင်သူများ ဝင်ငွေပိုမိုရရှိခြင်းကြောင့် အဓိကရည်မှန်းချက်ဖြစ်သည့် တောင်သူများ လူနေမှုဘဝမြှင့်တင်နိုင်ခြင်းနှင့် မြို့နယ်၏ မျိုးလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ပါသည်။ သို့ဖြစ်ပါ၍ လာမည့်နှစ်များတွင်လည်း မျိုးစေ့ထုတ်လုပ်ငန်းများကို တောင်သူအစုအဖွဲ့များမှ မျိုးသန့်မျိုးစေ့ပွားနိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

" နည်းစနစ်လိုက်နာဆောင်ရွက်လို့

မျိုးသန့်မျိုးစေ့ထုတ်ကြစို့ "

ကျေးဇူးတင်ပါသည်။


လမ်းညွှန်မှုခံယူအပ်ပါသည်။